# ကမ္ဘာပတ်လည် ရက်ရှစ်ဆယ်

နတ်နွယ်



# ဘာသာပြန်သူ၏ အမှာ

ဤဝတ္ထုကို ရေးသားသူ ဂျူးလ်စ်ဗန်း (၁၈၂၅-၁၉၀၅) သည် စွန့်စားခန်းဝတ္ထု အမြောက်အမြား ရေးသားခဲ့ပြီး အားလုံးလောက်ကိုပင် မူရင်းပြင်သစ် ဘာသာမှ နိုင်ငံခြားဘာသာသို့ ပြန်ဆိုပြီးကြလေပြီ။ သူ့ ဝတ္ထုများကို ဖတ်ရှုလျှင် စာဖတ်သူများကိုယ်တိုင် ခရီးသွားနေရသည့် အလား၊ စွန့်စားနေရသည့် အလား ဖြစ်ပါသည် ။

ဤဝတ္ထုကို (၁၈၇၄) ခုနှစ်တွင် ရေးသားခဲ့ပါသည် ။ စပွတ်ညစ် ဂြိုဟ်တုများ သည် ကမ္ဘာကြီးအား မိနစ်အနည်းငယ်အတွင်းတွင် ပတ်နိုင်နေသော ဤခေတ်ကြီး၌ ကမ္ဘာကြီးအား ရက်ပေါင်းရှစ်ဆယ်နှင့် ပတ်နိုင် ခြင်းမှာ မြန်သည် ဟု ထင်စရာမရှိသော်လည်း (၁၈၇၄) ခုနှစ်အဖို့ မူ ဤခရီးသည် အကယ်ပင် အောင်မြင်မှုကြီး တစ်ရပ် ဖြစ်ပါသည် ။

ဤဝတ္ထုကို ရုပ်ရှင်ရိုက်ကူးပြသရာ အထူးပင် အောင်မြင်ပါသည် ။

ဤဝတ္ထုကို ကျောင်းသုံးပြဋ္ဌာန်းသော မက်မီလန်တိုက်ထုတ် Magery Green ပြန်လည်ရေးသားထား သည် မှ မြန်မာပြန်ဆိုခြင်းဖြစ်ပါသည် ။

**နတ်နွယ်**

******

# အခန်း ( ၁ )
# ဆရာနှင့် တပည့်တွေ့ ကြခြင်း

(၁၈၇၂) ခုနှစ်တွင် ဖိလိယက်ဖော့ဂ်အကြောင်းကို သူသည် လူကြီး လူကောင်းတစ်ယောက် ဖြစ်သည် မှ ပို၍ ဘာမျှမသိရှိကြပေ။ သူသည် အမှတ် (၇)၊ ဆာဗီရိုး၊ လန်ဒန်မြို့တွင် နေထိုင်သည် ။ ထိုအိမ်၌ ပြဇာတ် ရေး ဆရာကြီးရှာရီဒန် (၁၈၁၉) ခုနှစ်၌ ခေါင်းချခဲ့သည် ။ သို့သော် သူသ ည် ပြဇာတ်ရေးဆရာကြီးနှင့် ကား တစ်ဘာသာ ဖြစ်ပါသည် ။ ဖိလိယ က်ဖော့ဂ်သည် စကားကို နည်းနိုင်သမျှ နည်းနည်းပြောပါသည် ။ ဤနှု တ်ဆိတ် မှုကပင် သူ့အား လျှို့ဝှက်ဆန်းကြယ်စေပါတော့သည် ။

ဖိလိယက်ဖော့ဂ်အား ကုန်တိုက်များ ၊ တရားရုံးများ တွင် လည်း ကောင်း၊ သို့မဟုတ် အခြားမည်သည့် ရုံးများ တွင် လည်းကောင်း မတွေ့၊ မမြင်ရပါ။ သူသည် ပြုပြင်ရေးကလပ် အသင်းဝင်တစ်ဦး ဖြစ်၏။ ဒါပဲ ဖြ စ်၏။ သူကား ချမ်းသာသည် ။ သို့သော် အဘယ်ပုံ ချမ်းသာသည် ကား လျှို့ဝှက်မှုပင်။ ဤအကြောင်းကို ထုတ်ဖော်နိုင် သူမှာ မစ္စတာဖော့ဂ်တစ် ယောက်သာ ရှိသည် ။ အကြောင်းမှာ သူသည် စကားနည်း၍ ဖြစ်၏။

သူ ခရီးသွားခဲ့ဖူးသလော ဖြစ်တန်ရာသည် ။ အကြောင်းမှာ မည်သူ မျှ သူ့ထက်ပို၍ ကမ္ဘာကြီးအကြောင်း မသိရှိပေ။ မည်မျှပင်ဝေးဝေး သူမ သိသော အရပ်ဟူ၍ မရှိပါပေ။ သူသည် အရပ်တကာသို့ ရောက်ခဲ့ဖူးပုံ ရှိ

သည် ။ တခြားနည်းနှင့် မဟုတ်ခဲ့လျှင် သူ့နာမ်က ရောက်ရှိပေမည်။

သို့တစေလည်း ဖိလိယက်ဖော့ဂ်သည် လန်ဒန်မြို့မှ ထွက်ခွာမသွား သည် မှာ နှစ်ပေါင်းအတော်ကြာ ပေပြီ။ သူသည် ကလပ်သို့သာ သွား၏။ သူ့အချိန်ကို သတင်းစာဖတ်၍ လည်းကောင်း၊ ဝှစ်ဖဲ ကစား၍ လည်း ကောင်း ကုန်ဆုံးစေသည် ။ ဤသို့ ကစားရာတွင် သူသည် အမြဲတမ်း လောက် နိုင်လေ့ရှိပြီး အနိုင်များကို အားလုံးလှူဒါန်းပစ်လေ့ရှိ၏။ မစ္စ တာဖော့ဂ်သည် ဖဲကစားချင်၍ သာ ကစားပြီး နိုင်ချင်၍ ကစားသည် မ ဟုတ်ပါ ပေ။

သူသည် ဆာဗီရိုးမှ အိမ်တွင် တစ်ယောက်တည်းနေ၏။ ဆွေမျိုးညာ တကာ ရှိပုံမရပေ။ သူသည် နံနက်စာနှင့် ညစာကို ပြုပြင်ရေးကလပ်ရှိ အခန်းတစ်ခုတည်းမှာ ပင်၊ စားပွဲတစ်လုံးတည်းမှာ ပင် နေ့စဉ် တစ် ယောက်တည်း စားလေ့ရှိလေသည် ။ သူ လုပ်သမျှသည် ဂဏန်းသင်္ချာ လို မှန်မှန်ကန်ကန်ကြီးသာ ဖြစ်၏။ သူသည် ကလပ်မှ အိမ်သို့ ည (၁၁) နာရီခွဲတွင် မှန်မှန်ပြန်လေ့ရှိ၏။ တစ်နေ့တွင် (၂၄) နာရီရှိသည့် အနက် သူသည် တစ်ဝက်တိတိကို အိမ်တွင် နေ၍ တစ်ဝက်တိတိကို ကလပ်တွ င် နေလေသည် ။

ဖိလိယက်ဖော့ဂ်တွင် အစေခံတစ်ဦး ရှိသည် ။ ၎င်းအစေခံသည် လ ည်း နေရာတိုင်း၌ တိကျရလေသည် ။ အောက်တိုဘာလ (၂) ရက်နေ့တွ င် ဂျိမ်းစ်ဖော့စတာအား အလုပ်မှ ထုတ်ပစ်လိုက်သည် ။ အကြောင်းမှာ သူသည် မုတ်ဆိတ်ရိတ်ရန် ရေကို အပူချိန် (၈၆) ထားရမည့် အစား (၈၄ ) ထားသောကြောင့် ဖြစ်၏။ ထို့နေ့မနက်မှာ ပင် အစေခံသစ်တစ်ယော က် လာရောက်မည် ဖြစ်၏။

မစ္စတာဖော့ဂ်သည် လက်တင်ကုလားထိုင်တွင် မတ်မတ်တောင့်

တောင့်ထိုင်ရင်း ထိုသူအား စောင့်နေ ၏။ စစ်ရေးပြအခမ်းအနားမှ စစ်သားတစ်ယောက်လို သူ့ခြေထောက်များကို စေ့ထားသည် ။ လက်များကို ဒူးပေါ် တွင် ထား၏။ သူ့နာရီလက်တံများကို ကြည့်လျက်ရှိသည် ။ ဤကား အထူးနာရီ ဖြစ်၏။ နာရီ၊ မိနစ်၊ စက္ကန့်၊ ရက်၊ လ၊ နှစ်တို့ ကို ဖော်ပြလေသည် ။ (၁၁) နာရီခွဲသံထိုးသောအခါတွင် မစ္စတာဖော့ဂ်သည် ထုံးစံအတိုင်း ပြုပြင် ရေး ကလပ်သို့ သွားရပေမည်။

တံခါးခေါက်သံ ပေါ်ထွက်လာသည် ။ အလုပ်ထုတ်ခံရသော အစေခံဂျိမ်းစ်ဖော့စတာ ဝင် လာပြီး ပြော ၏။

"လူသစ် လာပြီ ဆရာ"

အသက်သုံးဆယ်ခန့်ရှိ လူတစ်ယောက်ဝင် လာပြီး ခေါင်းညွတ်၍ အရိုအသေ ပေးလေ၏။

"မင်း ပြင်သစ်လူမျိုးလား၊ မင်းနာမည်က ဂျွန် တဲ့ လား"

မစ္စတာဖော့ဂ်က မေးလိုက်သည် ။

"ဂျင်း ပါဆရာ၊ ဂျင်းပါဆီပါတောက်၊ ဒီ ပါဆီပါ တောက် (ပွဲတိုင်းကျော်) ဆိုတဲ့ နာမည်ကို ရတာ ကတော့ ကျွန်တော်ဟာ အခက်အခဲတိုင်းကို လွှန်မြောက်နိုင်လို့ ပါပဲ၊ ကျွန်တော်ဟာ ထမင်းတစ်လုတ်စားရဖို့ အလုပ်အမျိုးမျိုး လုပ်ခဲ့ဖူးပါတယ်၊ ဒါပေမဲ့ ဆရာ၊ ကျွန်တော်ဟာ လူရိုးလူကောင်း တစ်ယောက်ပါ၊ သမုဒ္ဒရာ ဝမ်းတစ်ထွာအတွက် ကျွန်တော်ဟာ လမ်းမပေါ်မှာ သီချင်းဆိုခဲ့တယ်၊ အမြင့်ခုန်ခဲ့တယ်၊ ဆပ်ကပ်ထဲမှာ ကြိုးတန်းလျှောက်ခဲ့တယ်။ ပြီးတော့ ကာယဗလဆရာ လုပ်ခဲ့တယ်၊ တစ်ခါ ပဲရစ်မြို့မှာ မီးသတ်သမားတစ်ယောက် ဖြစ်ခဲ့ပြီး မီးဘေးဆိုးကြီး အများအပြားကို ငြိမ်းသတ်ခဲ့ဖူးပါတယ်၊ အခုတော့ ကျွန်တော့်မှာ အလုပ်ကလည်း မရှိတာနဲ့ ၊ မစ္စတာဖော့ဂ်ဟာလည်း ဒီတိုင်းပြည်မှာ အအေးဆုံးလူ

တစ်ယောက်လို့ ကြားတာနဲ့ အေးအေး ဆေးဆေး ငြိမ်းငြိမ်းချမ်းချမ်းနေချင်လို့ ဆရာ့ဆီလာတာပဲ။ ကျွန်တော့်ရဲ့ ပါဆီပါတောက် (ပွဲတိုင်းကျော်) ဆိုတဲ့ နာမည်ကိုတောင် မေ့ပစ်ချင်လို့ ပါပဲ ဆရာ"

"ပါဆီပါတောက်ဟာ ကျုပ်နဲ့ တော့ ကိုက်ပါတယ်၊ မင်းမှာ လူကြီးလူကောင်းတစ်ယောက်ရဲ့ တပည့် တစ်ယောက် အတွေ့အကြုံမျိုး ရှိပါတယ်။ မင်း ငါ့ စည်းကမ်းတွေကိုကော သိလား"


"သိပါတယ် ဆရာ"

"ကောင်းပြီ၊ ခု ဘယ်အချိန်ရှိပလဲ"

"၁၁ နာရီ ၂၅ မိနစ်"

ပါဆီပါတောက်သည် သူ့အိတ်ထဲမှ ကြီးမားသော ငွေနာရီတစ်လုံးကို ထုတ်ယူကြည့်ရှုကာ ပြောလိုက် ၏။

"မင်းနာရီက နောက်ကျတယ်"



ကျွန်တော်ဟာ လူရိုးလူကောင်းတစ်ယောက်ပါ ... ဆရာ

"စိတ်တော့မရှိနဲ့ ဆရာ၊ နောက်ကျတယ်ဆိုတာကတော့ မဖြစ်နိုင်ပါဘူး"

"လေးမိနစ်လောက် နောက်ကျတယ်၊ ကောင်းပြီ၊ (၁၈၇၂) ခုနှစ်၊ အောက်တိုဘာလ (၂) ရက်၊ မနက် ၁၁ နာရီ ၂၉ မိနစ် အချိန်ကစပြီး မင်းကို အလုပ်ခန့်လိုက်ပြီ"

မစ္စတာ ဖိလိယက်စ်ဖော့ဂ်သည် ထလိုက်၏။ ဘယ်လက်ဖြင့် ဦးထုပ်ကို ယူဆောင်းကာ ဘာမှ မပြော တော့ဘဲ ထွက်သွားလေ၏။

ပါဆီပါတောက်သည် အိမ်ရှေ့တံခါးပိတ်သံ တစ်ကြိမ်ကြားရ၏။ သူ့

ဆရာ ထွက်သွားခြင်းပင် ဖြစ်၏။ နောက်တစ်ကြိမ် တံခါးပိတ်သံ ကြားရ၏။ ဂျိမ်းစ်ဖော့စတာ ထွက်သွားခြင်း ဖြစ်၏။

အိမ်ထဲတွင် ပါဆီပါတောက် တစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည် ။

******